# မင်္ဂလာရာမ သတင်းလွှာ

မင်္ဂလာရာမ သံဃာတော်များ သီတင်းသုံးရာ သိမ်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရေးအတွက် လိုအပ်သော ဗိသုကာ ပုံစံ အသေးစိပ်များကို ဗိသုကာ ဦးတိုးနီသန်း မှ ရေးဆွဲလျှက်ရှိရာ ၂၀၀၇ ခု မတ်လတွင် ပြီးစီးမည်ဟု ခန့်မှန်းပါသည်၊ ပုံစံအချော ရေးဆွဲပြီးပါက **Montgomery County** တွင် ဆောက်လုပ်ခွင့်ပါမစ် လျှောက်ထားပြီး လာမည့် ဇွန်လကုန်ပိုင်းတွင် လုပ်ငန်း စတင်နိုင်မည်ဖြစ်ပါကြောင်း။

## နွေရာသီ တရားစခန်း



မင်္ဂလာရာမကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝိပဿနာ (၁၀) ရက် တရား စခန်းကို လာမည့် ဇွန်လတွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဆရာတော်ကြီးမှ ဝိပဿနာတရားများကို ဟောပြော ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ နှင့် အရှက်ဆွမ်း နေ့ဆွမ်း အဖျော်ရည် ကပ်လှူလိုသော အလှူရှင်များ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။



## မင်္ဂလာရာမ အပတ်စဉ် ( ၃ ) ရက် တရားစခန်း

မင်္ဂလာရာမကျောင်းတိုက်၌ လွန်ခဲ့သောနှစ်မှစ၍ အပတ်စဉ် သောကြာ, စနေ, တနင်္ဂနွေနေ့များတွင် ယောဂီများ တရားရှုမှတ်လျှက်ရှိရာ တရားရှုမှတ်လိုသော ယောဂီများ လာရောက် အားထုတ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## ဆရာတော် ဦးအာသဘာစာရ



မင်္ဂလာရာမ ဆရာတော် ဦးအာသဘာစာရသည် မလေးရှား နှင့် မြန်မာနိုင်ငံများတွင် ရက်ရှည်တရားစခန်းများ ဖွင့်လှစ်လျှက်ရှိပြီး ဖေဖော်ဝါရီလ (၂၈) ရက် နေ့တွင် မင်္ဂလာရာမသို့ ပြန်လည်ကြွရောက်လာမည် ဖြစ်ပါကြောင်း။

## ဓမ္မသံဝေဂ ပွဲးများခြင်း

၂၀၀၆–၂၀၀၇ခုနှစ် အတွင်းတွင် ကွယ်လွန်သွားကြသော မင်္ဂလာရာမ မိသားစုဝင်များဖြစ်ကြသည့်

၁။ ဒေါက်တာ ဒေါ်ခင်မာရီ ၏ ဖခင် ( ဦးစိန် ၉၃ နှစ် )
၂။ ဦးဂျော်နီငြိမ်းမင်း ၏ ဖခင် ( ဦးမင်းဟန် ၈၆ နှစ် )
၃။ ဒေါ်ကြည်ပြုံး နှင့် ညီမများ ၏ မိခင် ( ဒေါ်ခင်ထွေး ၉၃ နှစ် )
၄။ ဒေါက်တာတင့်လွင် ဒေါ်မေတင့်လွင် ၏ အကို ( ဦးကျော်ဝင်း )
၅။ ဒေါ်ဝေဝေသန်း ၏ မိခင် ( ဒေါ်ခင်ရီ )
၆။ ဦးချစ်မြိုင် ၏ ဇနီး ( ဒေါ်ခင်ယု )
၇။ ဒေါ်မာလာထွန်း ၏ ဖခင် ( ဦးကျော်ထွန်း )
၈။ ဦးဝဏ္ဏစည်သူ ၏ မိခင် ( ဒေါ်သိန်းဆိုင် )
၉။ ဒေါ်စင်သီယာ ၏ မိခင် ( ဒေါ်ခင်ရီ )
၁၀။ ဦးသောင်းကြည် ၏ မိခင် ( ဒေါ်သန်းသန်း ၈၄ နှစ် )
၁၁။ ဒေါ်ခင်ခင်တိုး ၏ မောင် ( ဒုပိုလ်မှူးကြီး လှထွန်း )
၁၂။ ဦးအောင်ဖေ ၏ ညီမ ( ဒေါ် ပြည်ငြိမ်းရှင် ၅၈ နှစ် )
၁၃။ ဦးရစ်ချတ် ရွှေလှဦး ၏ ဇနီး ( ဒေါ်မြနန်းနွယ် )

တို့အတွက် ကျန်ရစ်သူမိသားစုများနှင့်အတူ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာ အသင်းကြီးမှ ဓမ္မသံဝေဂ ပွဲးများပါကြောင်း မှတ်တမ်းတင်အပ်ပါသည် ။

## ကျေးဇူးတင်ရှိခြင်း

၂၀၀၆ ခုနှစ်အတွင်း မင်္ဂလာရာမ ဝိဟာရ၌ ကျင်းပပြုလုပ်ခဲ့သော ဘာသာရေးပွဲတော်များ အတွက် ငွေအား လူအား ဉာဏ်စွမ်းအားတို့ဖြင့် ကူညီပံ့ပိုး လှူဒါန်းခဲ့ကြသော ဓမ္မမိတ်ဆွေများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိ ပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
BABA